# Minokca® Clex-4

# (Bonding Agent and Water Proofing Admixture)

**DESCRIPTION**

Clex-4 is good for bonding between new concrete and old concrete. In addition, it is also good for water proofing. It gives bonding and water proofing performance together. Clex-4 is developed by using polymer technologies from Japan and Korea.

**ADVANTAGES**

The Clex-4 bonding agent and water proofing admixture is good for use in following applications

- Water proofing for roof slab, wall and water tank.
- Bonding between old and new concretes.
- Concrete repair works.
- Preparation of concrete repair mortar.
- Good bonding of wall plastering works.
- Bonding and installation of ceramic and natural well tiles.

**USAGE**

The Clex-4 can give following advantages on concrete and mortar.

- Increase bonding strength in concrete moss
- Reduce crack development
- Development of elastic properties
- Higher abrasion resistance
- Develop water-proofing performance
- Higher weather resistance.

**TECHNICAL INFORMATION**

Genetic - Styrene Butadience Rubber

Color - Milky white

Density - Approx. 1010 kg/$m^3$

**STORAGE**

The product shall be used within 6 months from the date of production. It shall be stored in cool place and protect from direct sunlight and other heat source.

**PACKING**

200 liters drum ၊ 20 liters pail and 1liter bottle.



# Minokca® Clex-4

## ( ကွန်ကရိ-ရေလုံ-ကော်-အားတိုးဆေး )

### ဖော်ပြချက်

Clex-4 သည် Concrete နှင့် Mortar များ၏ အဟောင်းနှင့်အသစ် တွဲဆက်စေရန်နှင့် ရေလုံစေရန် အတွက် သင့်တော်သော အဆင့်မြင့်ရေလုံကော်ဆေးတစ်မျိုးဖြစ်ပါသည်။ ဤဆေးသည် ကိုရီးယားနှင့် ဂျပန်အဆင့်မြင့် ပေါ်လီမာ နည်းပညာများကို အသုံးပြု၍ ထုတ်လုပ်ထားပါသည်။

### ဂုဏ်သတ္တိများ

Clex-4 အဆင့်မြင့်ရေလုံကော်ဆေးကို Concrete နှင့် Mortar များ၏ တွဲဆက်မှု စွမ်းအားနှင့် ရေလုံခြင်း အာနိသင်များအတွက် ဖော်ပြပါနေရာများတွင် အသုံးပြုရန် သင့်လျော်ပါသည်။

- ကွန်ကရိ အမိုးခင်းများ၊ နံရံများ နှင့် ရေကန်များ ရေလုံစေရန်အတွက်လည်းကောင်း
- ကွန်ကရိမျက်နှာပြင် အဟောင်းနှင့် အသစ်တွဲဆက်ရာတွင်လည်းကောင်း
- ကွန်ကရိမျက်နှာပြင် ဖာထေးခြင်းလုပ်ငန်းများတွင်လည်းကောင်း
- Concrete Repair Mortar ဖျော်စပ်ရာတွင်လည်းကောင်း
- နံရံများနှင့် အချောကိုင်သရိုး (Mortar) တွဲဆက်မှုကောင်းရန်လည်းကောင်း
- ကြွေပြားကပ်ခြင်းနှင့် ကျောက်ပြားများတပ်ဆင်ရာတွင်လည်းကောင်း

### အသုံးဝင်ပုံ

Clex-4 ကို သုံးခြင်းကြောင့် ကွန်ကရိ (Concrete) နှင့် သရိုး (Mortar) တို့တွင် အောက်ပါ အကျိုးကျေးဇူး များ ရစေပါသည်။

- ကွန်ကရိသားအချင်းချင်း တွဲဆက်မှုစွမ်းရည်မြင့်မားလာခြင်း
- အက်ကြောင်းနည်းပါးခြင်း (Reduce Crack Development)
- ကျုံ့နိုင်၊ ဆန့်နိုင်သောစွမ်းရည်တိုးစေခြင်း (Development of Elastic Properties)
- ပွတ်တိုက်မှု ဒဏ်ပိုမိုခံနိုင်ခြင်း
- ရေလုံစေခြင်း
- နေရောင်ခြည်နှင့် ရာသီဥတုဒဏ်ပိုမိုခံနိုင်ခြင်း

### နည်းပညာဆိုင်ရာဖော်ပြချက်

| | | |
|---|---|---|
| အမျိုးအစား | - | Styrence Butadience Rubber |
| အရောင် | - | နို့နှစ်ရောင်အဖြူ |

## သတိပြုရန်

- နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့နိုင်သောနေရာနှင့်အပူချိန် ၄၀˚C ထက်ကျော်သော နေရာများ တွင် သိုလှောင်ခြင်းမပြုပါ။

- ဆေးရည်ဘူးကို ဖွင့်ဖောက်၊ အသုံးပြုပြီးနောက်လေလုံအောင်သေချာစွာ အဖုံးပိတ်ထားနိုင်ပါက သက်တမ်း(၆)လအထိ သိမ်းဆည်းထားနိုင်ပါသည်။

### Prime Coat ဖျော်စပ်အသုံးပြုပုံ

Prime coat ကို ကွန်ကရစ်အဟောင်းအသစ် တွဲဆက်ခြင်းနှင့် ပြုပြင်ဖာထေးခြင်းလုပ်ငန်းများ မစတင်မီ ကြိုတင်သုတ်လိမ်းထားရန်ဖြစ်ပါသည်။ ဤအလွှာမခြောက်သွေ့ခင်မိမိပြုလုပ်လိုသော ပြုပြင်ခြင်း၊ တွဲဆက်ခြင်းလုပ်ငန်း များဆက်လက်လုပ်ဆောင်နိုင်ပါသည်။

### Prime Coat ရောစပ်ပုံနည်းစနစ်

* ရှေးဦးစွာ (၁း၁း၁) အချိုးတိုင်း ဘိလပ်မြေ ၊ ရေနှင့် Clex-4 ကို ဆတူရောစပ်၍ သမအောင်မွှေပါ။
* ဆေးသုတ်တံ brush နှင့်သုတ်၍ရသည်အထိ အပျော့အမာရအောင်ရေကို သင့်တော်သလို ထပ်ထည့်၍မွှေပါ။
* ရရှိလာသောအနှစ်ရည်ကို မိမိအသုံးပြုလိုသောနေရာများတွင် အနည်းဆုံး (၃)ထပ်သုတ်လိမ်းခြင်း (သို့) (၁၀)ပေပတ်လည်တစ်ကျင်းလျှင် ဆေးရည် (၂)လီတာနှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

### Repair Mortar ဖျော်စပ်အသုံးပြုပုံ

* ဘိလပ်မြေနှင့်သဲကို (၁း၁) မှ (၁း၃) ထိသင့်တော်သလို ရောစပ်၍ သမအောင် မွှေပါ။
* Clex-4 ဆေးရည်ကို ဘိလပ်မြေတစ်အိတ်လျှင် (၀. ၅)လီတာမှ (၂. ၀)လီတာနှုန်းဖြင့် ရောစပ်ပါ။
* ဘိလပ်မြေနှင့်သဲအရောကို ရေအနည်းငယ်ဖြင့် စတင်မွှေပါ။ ထို့နောက်ချိန်တွယ်ထားသော ဆေးရည်ကို ထည့်မွှေပါ။ လိုအပ်သည့် အပျော့အမာမရရှိသေးပါက ရေကိုလိုအပ်သလိုထည့်၍ ချိန်ညှိအသုံးပြုနိုင်ပါသည်။

### ကြွေပြား၊ ကျောက်ပြား ကပ်ရာတွင် ဖျော်စပ်အသုံးပြုပုံ

ဤဆေးရည်ကို ကြွေပြား၊ ကျောက်ပြားများ ကပ်ရာတွင်လည်း သမရိုးကျအတိုင်းဖျော်စပ်မည့် ဘိလပ်မြေအရောထဲသို့ ဘိလပ်မြေတစ်အိတ်လျှင် ၁ လီတာနှုန်းဖြင့် ထည့်သွင်း ဖျော်စပ်၍ အသုံးပြုနိုင် ပါသည်။ ပိုမိုကောင်းမွန်စွာ တွဲဆက်နိုင်စေရန် အသုံးပြုမည့်ကြွေပြားများ စွတ်စိုနေသင့်ပါသည်။ အောက်ခံ ကွန်ကရစ်အခင်းတွင်လည်း ဖုန်မှုန့်များ ကင်းစင်အောင် သေချာစွာ ပြုလုပ်ထားသင့်ပါသည်။

### Water Proofing Concrete ဖျော်စပ်အသုံးပြုပုံ

Water proofing concrete လောင်းရာတွင် ဘိလပ်မြေတစ်အိတ်လျှင် Clex-4 ဆေးရည်ကို (၀. ၅)လီတာ မှ (၂)လီတာနှုန်း အထိ ထည့်သွင်း၍ ကွန်ကရစ်ဖျော်စပ်နိုင်ပါသည်။

မှတ်ချက်။ ။ မည်သည့်ကွန်ကရစ်အချိုးအစားတွင်မဆို ဖော်ပြပါနှုန်းထားအတိုင်း ထည့်သွင်းရောစပ်နိုင်ပါသည်။ သို့သော် တစ်အိတ်လျှင် (၂)လီတာနှုန်းထက် ပိုမိုအသုံးပြုလိုပါက သက်ဆိုင် ရာအရောင်းကိုယ်စားလှယ်များသို့ ကြိုတင်အကြောင်းကြား၍ နည်းပညာအကူအညီများရယူပါ။

ကွန်ကရစ်ခံနိုင်အားကို စောစီးစွာ ရရှိလိုပါက Minokca S-404-R ဖြင့် ပူးတွဲရောစပ်၍ အသုံးပြုနိုင်ပါသည်။ ဤဆေး၏ ရေလုံအာနိသင်မှာ အသုံးပြုသည့်နေရာရှိ အဆောက်အအုံပိုင်းဆိုင်ရာအားနည်းချက် တစ်စုံတစ်ရာမဖြစ်ပေါ်ပါက သက်တမ်း (၁၀)နှစ်အထိ ရေလုံခြင်းအာနိသင် ရရှိနေမည်ဖြစ်ပါသည်။